# ၁၉၅၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မီးရထားအုပ်ချုပ်ရေး အဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၂။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မီးရထားအုပ်ချုပ်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာတွင် ပြန်ကြေညာသတ်မှတ်သောနေ့၌ စတင်အာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မီးရထားအုပ်ချုပ်ရေးအဖွဲ့ အက်ဥပဒေ၏ ပုဒ်မ ၄ တွင်—

(က) ပုဒ်မခွဲ (၁) ၌ ''ဥက္ကဋ္ဌသည် အချိန်ပြည့် တာဝန်ဝတ်တရား ဆောင်ရွက်ရမည်။'' ဆိုသည့်စကားရပ်ကိုပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (၂)၊ အပိုဒ် (ခ) အစား၊ အောက်ပါကို၊ အပိုဒ် (ခ) အဖြစ်ထည့်သွင်းရမည်။

''(ခ) အဖွဲ့ကို အုပ်ချုပ်သည့် သက်ဆိုင်ရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်။''

၃။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၉ နောက်တွင် အောက်ပါကို ပုဒ်မ ၁၉-က အဖြစ်ထည့်သွင်းရမည်။

''၁၉-က။ ။ဤအက်ဥပဒေပါ ကိစ္စများ ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှါ၊ ဥက္ကဋ္ဌသည်၊ ဤအက်ဥပဒေအရ ဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့်နည်းဥပဒေများ၊ သို့တည်းမဟုတ် စည်းကမ်းဥပဒေများအရဖြစ်စေ၊ မိမိသုံးစွဲဆောင်ရွက်နိုင်သည့် အာဏာနှင့် တာဝန်ဝတ်တရားအားလုံးကိုသော်၎င်း၊ အချို့ကိုသော်၎င်း၊ သင့်တော်သည်ထင်မြင်သည့် အဖွဲ့ဝင်တဦးဦးအား၎င်း၊ အဖွဲ့၏ အရာရှိတဦးဦးအား၊ သို့တည်းမဟုတ် အရာရှိများအား၎င်း၊စည်းကမ်းချက်များသတ်မှတ်၍ဖြစ်စေ၊မသတ်မှတ်ဘဲဖြစ်စေ အခါအားလျော်စွာလွှဲအပ်နိုင်သည်။''

အတိုး—၁၀ ပြား]

ပ၊ဒ၊ဗ၊စ၊ အမှတ်—၆၇၊ တရားရေးဝန်ကြီးဌာန၊ ၂၉-၁-၅၇—၂,၂၀၀—၂။